## Highlights from DVB Debate's Damming the Rivers Show

12/27/2014

"Who benefits from River Dams?"

"ဆည်တွေဆောက်တာ စာရွက်တွေပေါ်မှာတော့ အကျိုးအမြတ်တွေရနေတယ် လောပိတစီမံကိန်းကနေ ရေအားလျှပ်စစ်ပေးတယ် အဲဒေသအနီးတဝိုက်ကလူတွေ လျှပ်စစ်မရဘူး။ ဒေသခံလူထုမှ မဖွံ့ဖြိုးဘဲ ဒါကို အကျိုးကျေးဇူးရတယ် ဘယ်လိုခေါ်မလဲ"

ဦးထွန်းနိုင် - ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက် အမှုဆောင်ဒါရိုက်တာ

---

"ဆည်ဆောက်တာ မကောင်းဘူးမဟုတ်ဘူး. ကောင်းတာတွေရှိတယ် ဒါပေမယ့် ဆောက်ပြီး နောက်ပိုင်း ထိန်းသိမ်းမှုညံ့တာ။ ရေပိုရွှေ့လှဲတွေကို ဂရုမစိုက်ဘဲ ဆည်တွေဆောက်နေရင် ပြန်မရနိုင်တော့တဲ့ သစ်တောတွေပျောက်ကုန်မှာ။"

ဒေါက်တာ ဂင်းမြင့် - ဒါရိုက်တာ (စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာသုတေသနအင်စတီကျူ့)

---

"ရေကာတာတခုဆောက်ပြီဆိုရင် ဆောက်တဲ့ အင်ဂျင်နီယာ မြန်မာအင်ဂျင်နီယာတွေနဲ့မဟုတ်ဘူး.သုံးစွဲတဲ့ပစ္စည်းတွေ မြန်မာပြည်ကမဟုတ်ဘူး ထွက်လာမယ့် လျှပ်စစ်ဓာတ်အား ထိုင်းကိုရောင်းမယ်.ကျနော်တို့နိုင်ငံက ၁% လောက်ပဲရမှာ တာဆန်းရေကာတာစီမံကိန်းဆိုရင်.. ဒီတော့ စီးပွားရေးအရလဲ ရှုံး တခြားဒေသခံတွေ နေရာဖယ်ပေးရတာ၊ လူမှုရေးကိစ္စတွေမှာလည်း ရှုံးနေပြီ။"

စိုင်းခေးဆိုင် - မြန်မာနိုင်ငံမြစ်ချောင်းအင်းအိုင်များကွန်ရက်တာဝန်ရှိသူ

---

"လယ်ယာကဏ္ဍ၊ လျှပ်စစ်ဓာတ်အားနဲ့ စွမ်းအင်ကဏ္ဍတွေရဖို့က ဆည်တွေဆောက်ဖို့ လိုအပ်တယ်။ ဒါပေမယ့် ခြစားမှုတွေရှိတော့ တာဝန်ရှိသူတွေနဲ့အင်ဂျင်နီယာတွေပဲ အကျိုးအမြတ်က ရသွားတယ်။ အမှန်က လျှပ်စစ်ဓာတ်အားလိုအပ်ချက်နဲ့ဆို ဆည်တွေဆောက်ဖို့ လိုနေသေးတဲ့ ပြည်နယ်တွေလဲ ရှိနေသေးတာပဲ။"

ဦးဇော်ရမ်း - တောင်သူလယ်သမားအကျိုးဆောင်ကွန်ရက်

---

"မြစ်ဆုံရေကာတာစီမံကိန်းကတော့ လုံးဝမဆောက်သင့်တဲ့ ဆည်၊ ကချင်ရဲ့ အမျိုးသားအမွေအနှစ်နဲ့ယဉ်ကျေးမှုလုံးဝပျောက်သွားစေမှာ။ ဒါတွေက ဘယ်လိုမှပြန်မရနိုင်တော့တဲ့အရာတွေ။ သဘာဝကို ဆန့်ကျင်ပြီးလုပ်တာမှန်သမျှဟာ သဘာဝရဲ့ဒဏ်ခတ်တာကိုခံရမယ်။"

ဦးချိုချို - လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာန(အငြိမ်းစား)